# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## ဒသမနေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )**

**[ကြာသပတေးနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

### မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **အလွန်အမင်းဆိုးရွားစွာ ပျက်စီးလျက်ရှိသည့် ငါးသရောက် - ဇဂျမ်း - တောင်သာလမ်း၊ ဇဂျမ်း - မြင်းခြံ ကားလမ်းနှင့် တောင်သာ - နွားထိုးကြီးလမ်း တို့ကို ဆယ့်နှစ်ရာသီ အသုံးပြုနိုင်သော ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အသစ်တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ငါးသရောက် - ဇဂျမ်း - တောင်သာလမ်း၊ ဇဂျမ်း - မြင်းခြံ ကားလမ်းနှင့် တောင်သာ - နွားထိုးကြီးလမ်း တို့သည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) တွင် ပါဝင်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မတိုင်မီ ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

( ခ ) ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့အပိုင်တွင် မူလနေရာ၌ လက်ရှိအသုံးပြုရန် မလိုအပ်တော့သည့် တာပိန် မြစ်ကူးကြိုးတံတား(မြို့သစ်)အဟောင်းအား မိုးလဲချောင်း ဖြတ်သန်းစီးဆင်းရာ သင့်တော်သည့် ကျေးရွာတစ်ခုခု၌ ပြောင်းရွှေ့တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့တွင် တံတားအသစ်တစ်စင်း ဆောက်လုပ်ပြီးဖြစ်ပါသဖြင့် ယခု မလိုအပ်တော့သည့် တာပိန်မြစ်ကူးကြိုးတံတား (အဟောင်း)အား မိုးမောက်မြို့နယ်အတွင်း မိုးလဲချောင်းတစ်လျှောက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းများ၏ သင့်လျော်သည့် နေရာတစ်နေရာအား

ရွေးချယ်၍ ပြောင်းရွှေ့တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား ပါသည်။

(ဂ) ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **တနင်္သာရီတိုင်း ဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ် ပေးမည့် မင်းသန်း - မောင်းလေ့ာ် မြစ်ကူးတံတား (၁)စင်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးကျော်လင်း က တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် မင်းသန်း - မောင်းလေ့ာ်မြစ်ကူးတံတားသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်သည့် လမ်းပေါ်တွင် တည်ရှိပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မတိုင်မီ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားပါသည်။

(ဃ) ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မကွေးတိုင်း ဒေသကြီး၊ မင်းလှမြို့နယ်၊ ပနီချောင်းကူး (ရှမ်းတပ်) တံတားကို သံကူကွန်ကရစ် တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည် ပြုပြင်တည်ဆောက် ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က အဆိုပါ တံတားမှာ Class (A) ဦးစားပေးအဆင့်(၁) တွင် ပါဝင်သောလမ်းပေါ်တွင် တည်ရှိပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မတိုင်မီ တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

(င) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ရခိုင်ပြည်နယ် မြောက်ပိုင်း တွင် ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ပုဏ္ဏားကျွန်း - ပေါက်တော မြစ်ကူးတံတား တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က အဆိုပါ တံတားကြီးသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်များပေါ်တွင် တည်ဆောက်သော တံတားများကဲ့သို့ မဟုတ်ဘဲ ဒီရေ အတက်အကျရှိသော ပင်လယ်ဝတွင် တည်ဆောက်ရမှာ ဖြစ်သည့်အတွက် လှိုင်းအလွန်ကြီးမားပြီး ပြည်တွင်းရေကြောင်း နှစ်ထပ်သင်္ဘောများ စစ်တွေမြို့မှ ပုဏ္ဏားကျွန်းမြို့ - မြောက်ဦးမြို့ - ကျောက်တော်မြို့သို့ နေ့စဉ်သွားလာလျက်ရှိ သဖြင့် ရေလမ်း ကင်းလွတ်အမြင့်အပါအဝင် Foundation အထိ မီတာ (၁၀၀)ခန့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် တည်ဆောက်နေသော

တံတားကြီးများမှာ အသုံးပြုနေသည့် စက်ယာဉ်/ယန္တရားများနှင့် လုံလောက်မှု မရှိ၍ အဆင့်မြင့် စက်ယာဉ်/ယန္တရားများ လိုအပ်လာမှာဖြစ်သည့်အပြင် ငွေကြေးပိုင်းဆိုင်ရာ ကုန်ကျမှုမြင့်မားသည့်အတွက် ရန်ပုံငွေအကန့်အသတ်လည်းရှိမှာ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ အဓိက ဝင်ပေါက် လမ်းမကြီးများဖြစ်သော မင်းဘူး - အမ်း - စစ်တွေလမ်းနှင့် ငသိုင်းချောင်း - ဂွ - သံတွဲ လမ်းပေါ်ရှိ ယာယီတံတားများအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ယခု(၅)နှစ် စီမံကိန်းကာလ အတွင်း ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းပမာဏကြီးမားသော အဆိုပါ ကစ္ဆပနဒီ(ကုလားတန်)မြစ်ကူးတံတားအတွက် နိုင်ငံခြားအကူအညီများ တောင်းခံသွားမည်ဖြစ်ပြီး နိုင်ငံတကာအကူအညီ ရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

( စ ) ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **မင်းဘူးမြို့နယ်တွင် အသစ်ပြန်လည် တည်ဆောက်ခဲ့သည့် ရေပူရိုးချောင်းတံတားနှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းတွင် လုပ်ငန်းပြီးစီးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး စစ်ဆေးရေး/ထိန်းသိမ်းရေး Work Done & Quality Control (WD/QC) အဖွဲ့များက စစ်ဆေးလက်ခံပြီးမှ တံတား ချဉ်းကပ်လမ်း ပြိုကျပျက်စီးမှုတွင် တာဝန်ရှိသူများကို မည်ကဲ့သို့ အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါ ရေပူရိုးချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများကို ယခင် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို စစ်ဆေးအရေးယူနိုင်ရန်အတွက် အကြောင်းကြားစာပေးပို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြာပါသည်။

**စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၃။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြပါသည်။

၄။ အမျိုးသားလွှတ်တော် က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၆-၂-၂၀၁၈(အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။

**ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း၊ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခြင်းနှင့် အတည်ပြုခြင်း**

၅။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း အဆိုတင်သွင်းပါသည်။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါသည်။ လွှတ်တော် သက်တမ်းအတွင်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦး တစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသား လွှတ်တော်က လူမှုရေးအရ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းကူညီ ထောက်ပံ့ရန် လွှတ်တော်၏ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာပါသည်။

၇။ အမျိုးသားလွှတ်တော် က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့်တိုင်အောင် စိတ်ဓာတ် ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့်ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက(၂)မိနစ် မတ်တပ်ရပ်၍ ငြိမ်သက်စွာနေခြင်းဖြင့် ဂုဏ်ပြုပါသည်။

၈။ အစည်းအဝေးကို ၁၀း၅၆ နာရီ အချိန်တွင် ရပ်နားပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ၁၁ ရက်မြောက်နေ့ အစည်းအဝေးကို ၂-၂-၂၀၁၈ ရက်နေ့(သောကြာနေ့)တွင် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**